

# အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်

# ၂၀၂၃ ခုနှစ် သင်တန်းခေါ်ယူခြင်း

(သြဂုတ် လ ၄ ရက် လျှောက်လွှာပိတ်ရက်)

**ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ ) သည် ၂၀၂၃ ခုနှစ် အောက်တိုဘာ လ မှ ဂျပန်စာလေ့လာသင်ယူလိုသည့်ဒုက္ခသည်များမှလျှောက်လွှာများကိုလက်ခံနေပါသည်။**

## အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်နှင့်ပတ်သက်၍

| | |
|---|---|
| လျှောက်ထားတိုင်သူ | : ကွန်ဗင်းရှင်းဒုက္ခသည်များနှင့်သူတို့၏မိသားစုများ |
| အစီအစဉ် | : ဂျပန်စာ ( အချိန် ၅၇၂ ခန့် ) ၊ လူနေမှုလမ်းညွှန် (အချိန်ကာလ ၁၂၀ ခန့် )၊ အလုပ်အကိုင်ပံ့ပိုးမှု (* ၁ အချိန် = ၄၅ မိနစ်) |
| သင်တန်းချိန် | : နေ့ခင်းသင်တန်း ( ၆ လ သင်တန်း ) ၂၀၂၃ ခုနှစ် အောက်တိုဘာ လ မှ ၂၀၂၄ ခုနှစ် မတ် လ ( တနင်္လာနေ့ မှ သောကြာနေ့ ၊ ၉ : ၃၀ မှ ၁၅ : ၅၀ ) |
| သင်တန်းပုံစံ | : နေ့ခင်းသင်တန်း သင်တန်းကျောင်း သို့မဟုတ် အွန်လိုင်းအသုံးပြုပြီးအုပ်စုလိုက်သင်ယူခြင်း |
| အခြားသော | : RHQ မှအွန်လိုင်းသင်တန်းများတွင်အသုံးပြုသည့်လိုအပ်သောအိုင်တီပစ္စည်းများကိုငှားရမ်းမည်။ကလေးများကိုအပ်ထားလို့မရပါ။ |
| သတိပြုရန် | : လျှောက်ထားသူ ဦး ရေ ၊ ကျန်းမာရေးအခြေအနေ ပေါ်မူတည်၍ သင်တန်းသို့တက်ရောက်ခွင့်မရနိုင်သည့်အချိန်လည်းရှိနိုင်ပါသည်။ |

( လျှောက်ထားရန် )

၁ ) RHQ ထောက်ပံ့ရေးပြုစင်တာ သို့အီးမေးလ်သို့မဟုတ်ဖုန်းဖြင့်ဆက်သွယ်ပါ။

၂ ) ၂၀၂၃ ခုနှစ် ဇူလိုင်လလယ်မှ ၂၀၂၃ ခုနှစ် သြဂုတ် လ ၄ ရက် တစ်ဦးချင်းအင်တာဗျူး နှင့်လျှောက်လွှာတင်သွင်းခြင်း


**◆လျှောက်လွှာတင်သွင်းရန် နှင့် စုံစမ်းမေးမြန်းရန် ◆RHQ အထောက်အကူပြုစင်တာ**

TEL: 0120-068-655 E-mail: rhqcenter@rhq.gr.jp Web: http://www.rhq.gr.jp


RHQ 検索

# ကွန်ဗင်ရှင်းဒုက္ခသည်နှင့်မိသားစုအတွက် ဂျပန်တွင်အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်

၂၀၂၃ ခုနှစ်သင်တန်း၏ဒုတိယနှစ်ဝက်၏

လျှောက်လွှာ ပိတ်ရက် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၄ ရက်

~ ဂျပန်ဘာသာလေ့လာသင်ကြားလိုသူ ၊ ဂျပန့်ဓလေ့ထုံးစံများကို သိလိုသူ ၊ အလုပ်အကိုင်ရှာဖွေလိုသူ ဒုက္ခသည်နှင့်မိသားစုအတွက် ~

**အာရှလူမှုဖူလုံရေးနှင့်ပညာရေးဖေါင်ဒေးရှင်း**

**ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ )**

## နိဒါန်း

ဂျပန်အစိုးရသည်တရားရေးဝန်ကြီး မှ ကွန်ဗင်ရှင်းဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံရခံရသူနှင့် မိသားစုအတွက် ဂျပန်ဘာသာ ၊ လူမှုရေးလမ်းညွှန် ၊အလုပ်အကိုင်မိတ်ဆက်ပေးခြင်းစသည့်အခြေချနေထိုင်ရေးထောက်ပံ့အစီအစဉ်ကိုအခမဲ့ဆောင်ရွက်ပေးနေပါသည်။

- အခြေခံဂျပန်ဘာသာ ၊ ဂျပန်တွင်နေထိုင်အသက်မွေးရန်အတွက်အထောက်အကူဖြစ်စေမည့်စနစ် ၊ ဓလေ့ ထုံးစံများကိုဂျပန်ဘာသာစကားဖြင့်လေ့လာနိုင်ပါသည်။
- အလုပ်လုပ်ချင်သူများအတွက် အလုပ်အကိုင်မိတ်ဆက်ပေးပါသည်။
- သင်တန်းတက်ရောက်စဉ်အတွင်း နေထိုင်မှုစရိတ်၊ ဆေးကုသစရိတ်၊အိမ်လခ ( သတ်မှတ်ချက်နှင့်စီစစ်မှုများရှိသည် ) ရရှိမည့်အပြင် ၊ သင်တန်းဆင်းလျှင် အခြေချနေထိုင်ရေး ထောက်ပံ့ငွေ ( အခြေချရန်ပြင်ဆင်ခြင်းအတွက်ငွေ ) ကိုလက်ခံရရှိပါမည်။ ( စာမျက်နှာ ၃ တွင်ကြည့်ပါ )
- လိုအပ်သူများအတွက်အွန်လိုင်းသင်တန်းတွင်လိုအပ်သည့် ITပစ္စည်းများကိုRHQမှငှားမည်။

သတိ ။ ။ နေ့လည်ပိုင်း သင်တန်းတွင် တက်ရောက်သူများ သားသမီးများကိုအပ်ထားလို့ရသည်။ နေထိုင်ရန်အဆောင်မရှိ။

## အစီအစဉ်အသေးစိတ်

### ဂျပန်ဘာသာသင်တန်း ၊ လူနေမှုလမ်းညွှန် ၊ အလုပ်အကိုင်မိတ်ဆက်ခြင်း

၁ ၊ ဂျပန်ဘာသာသင်ကြားမှု ( ပို့ချချိန် ၅၇၂ နာရီ ၊ ၁ ချိန်= ၄၅ မိနစ် )

- အခြေခံဂျပန်ဘာသာ ( ဖတ် ၊ ရေး ၊ နားထောင် ၊ စကားပြော ) စသည်တို့ကိုသေချာစွာတက်မြောက်နိုင်ပါသည်။
- စားဝတ်နေထိုင်ရန်လိုအပ်သည့် ဂျပန်ဘာသာကိုလေ့လာသင်ယူနိုင်ပါသည်။

၂ ၊ လူနေမှုလမ်းညွှန် ( ပို့ချချိန် ၁၂၀ နာရီ ၊ ၁ ချိန် = ၄၅ မိနစ် )

- ဂျပန်တွင်နေထိုင်အသက်မွေးရန်အတွက် အထောက်အကူဖြစ်စေမည့်စနစ် ( ဆေးကုသမှု ၊ အာမခံ ၊ ပင်စင် ၊ အခွန် အစရှိသော ) ဓလေ့ထုံးတမ်းများကိုသင်ယူနိုင်ပါသည်။

※ သင်တန်းတွင် ဂျပန်ဘာသာ နှင့် လူနေမှုလမ်းညွှန်ကိုတွဲဖက်သင်ကြားပါသည်။

၃ ၊ အလုပ်အကိုင်မိတ်ဆက်ပေးခြင်း

- အလုပ်အကိုင်လိုသူများအတွက် အလုပ်ရှာဖွေရန်ကူညီနိုင်ပါသည်။ ( မိမိလုပ်လိုသည့်အလုပ်ကိုမတွေ့နိုင်သည့်အခါလည်းရှိပါသည်။)
- အလုပ်အကိုင်ရှာဖွေရန်လိုအပ်သောလမ်းစရိတ်ကိုပေးပါမည်။
- အလုပ်ဝင်ရန်ရွေးချယ်လိုက်သောကုမ္ပဏီတွင်အလုပ်သင်စနစ်ကိုအသုံးပြုနိုင်ပါသည်။ရရှိနိုင်သော အထောက်အပံ့ကို လူနေမှုလမ်းညွှန်သင်တန်းချိန်တွင် အသေးစိတ်ရှင်းပြပါမည်။



သင်ယူနေပုံ

## သင်တန်းအမျိုးအစားနှင့်တက်မည့်အချိန်

- သင်တန်းချိန်စုစုပေါင်း ၆၉၂ နာရီ တွင် ဂျပန်ဘာသာ သင်တန်းချိန် ၅၇၂ နာရီ ( သင်တန်း ၁ ချိန်= ၄၅ မိနစ် ) နှင့် လူနေမှုလမ်းညွှန်သင်တန်းချိန် ၁၂၀ နာရီ ( သင်တန်း ၁ ချိန်= ၄၅ မိနစ် )
- သင်တန်းပုံစံ
  - မျက်နှာချင်းဆိုင် အုပ်စုလိုက်သင်ကြားမှုပုံစံဖြင့် သင်ယူခြင်း (RHQထောက်ပံ့ရေး စင်တာ) အွန်လိုင်းဖြင့်အုပ်စုလိုက်သင်ကြားမှုပုံစံဖြင့်သင်ကြားသွားပါမည်။ (မိမိနေအိမ်မှ)
- သင်တန်းချိန် (သင်ရိုးညွှန်းတမ်းအရ အချိန်အပြောင်းအလဲရှိနိုင်သည်)
  - နေ့လည်ပိုင်း သင်တန်း တနင်္လာနေ့ မှ သောကြာနေ့ ၉ နာရီ ၃၀ မိနစ် မှ ၁၅ နာရီ ၅၀ မိနစ် အထိ
- သင်တန်းကာလ ၆ လ ( နေ့လည်ပိုင်း သင်တန်း) သင်တန်း ၂၀၂၃ ခုနှစ် အောက်တိုဘာ လ မှ ၂၀၂၄ ခုနှစ် မတ် လ

## သင်တန်းတက်ရောက်နိုင်သူ

တရားရေးဝန်ကြီး မှ ကွန်ဗင်ရှင်းဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရသူ နှင့် မိသားစု ( ※၁ ) သို့ရာတွင် ယခုချိန်အထိ နိုင်ငံတကာကူညီရေးစင်တာ ( ၂၀၀၆ ခုနှစ် မတ်လ တွင်ရပ်ဆိုင်း ) နှင့် RHQ ထောက်ပံ့ရေးစင်တာ တို့တွင်ဂျပန်ဘာသာစသည့်အခြေချနေထိုင်ရေးအထောက်အပံ့ကို သင်ယူပြီးသူများမပါဝင်ပါ။( ※၂ )

( ※၁ ) မိသားစု ဆိုသည်မှာ ဂျပန်နိုင်ငံတွင်နေထိုင်သည့် နိုင်ငံခြားသားဖြစ်ပြီး ၊ ကွန်ဗင်ရှင်းဒုက္ခသည်၏ မိသားစု အဖြစ် ဂျပန်တွင်နေထိုင်ခွင့်ရရှိထားသူကို ဆိုလိုပြီး ထိုသူများမှာ ( အိမ်ထောင်ဖက် ၊ မိဘ ၊ အိမ်ထောင်မကျ သေးသည့် သား / သမီး )များသာ။

( ※၂ ) လျှောက်ထားသူဦးရေများခြင်း၊ ကျန်းမာရေးအခြေအနေ ပေါ်မူတည်၍သင်တန်းတက်ရောက်ခွင့်မရသည့်အချိန်မျိုးလည်းရှိပါသည်။

(2023 年 6 月作成)

# လူနေမှုထောက်ပံ့ကြေးအစရှိသော

( ※ပံ့ပိုးမှုတွင်သတ်မှတ်ချက်နှင့်စိစစ်မှုများရှိသည် )

အခြေချနေမှုထောက်ပံ့အစီအစဉ်သို့တက်ရောက်နေစဉ်အတွင်းရရှိမည့်ထောက်ပံ့ကြေး

| | |
|---|---|
| နေထိုင်မှုစရိတ်<br>(စားဝတ်နေရေးအတွက်) | နေ့လည်ပိုင်း သင်တန်း<br>လူကြီး ၁ ရက် ယန်း ၁,၆၀၀ ( ၆ လ )<br>ကလေး ၁ ရက် ယန်း ၁,၂၀၀ ( ၆ လ ) |
| ဆေးကုသစရိတ်<br>( ရောဂါ ၊ဒဏ်ရာ ရသည့်အခါ ) | သင်တန်းချိန်အတွင်းဖြစ်သည့်အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ သွားကိုက်ခြင်း ၊မတော်တဆ ထိခိုက်ဒဏ်ရာရသည့်အခါအရေးပေါ်ကုသ သည့်ဆေးကုသစရိတ်။နာတာရှည်ရောဂါ နှင့် တခြားရောဂါကြီးများ၏ဆေးကုသစရတ်ကိုမ ထောက်ပံ့နိုင်ပါ။<br>(※သင်တန်းတက်ရောက်သူအားလုံးသည် ကျန်းမာရေးအာမခံကို ကိုယ်တိုင်ပေးဆောင်ရမည်။ |
| အိမ်ခန်းစရိတ်<br>( အိမ်ရာအတွက် ထောက်ပံ့ငွေ ) | အထောက်အပံ့ပေးမည့်အိမ်လခတွင်ကန့်သတ် ချက်ရှိသည်။ထောက်ပံ့မည့်ငွေမှာအိမ်လခ နေ ထိုင်သည့်လူဦးရေပေါ်မူတည်ပြီးကွဲပြားမှုရှိ သည်။အိမ်အခန်းခမဟုတ်သောအခြားအသုံးစ ရိတ်များကိုပေးမည်မဟုတ်ပါ။ |
| အခြေချနေထိုင်မှုစရိတ်<br>( အခြေချနေထိုင်ရန်ပြင်ဆင်မှုအတွက် ) | လူကြီး ( ၁၆ နှစ်နှင့်အထက် ) ယန်း ၁၅၆,၉၀၀<br>ကလေး ( ၁၅ နှစ်အထိ ) ယန်း ၇၈,၄၅၀<br>※ အခြေချနေထိုင်ရေးအထောက်အပံ့အစီ အစဉ်ပြီးချိန်တွင် ၁ ကြိမ်သာ |


ဆက်သွယ်ရန်

အာရှလူမှုဖူလုံရေးနှင့်ပညာရေးဖေါင်ဒေးရှင်း ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ )

RHQထောက်ပံ့ရေးစင်တာ Tel ：0120-068-655 Fax ：03-5292-2043

E-mail:rhqcenter@rhq.gr.jp